မဟာစည်သာသနာ့ရိပ်သာ

ရန်ကုန်မြို့

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး ၏

# သြဝါဒကထာ

နှင့်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

# ...ုံးသို့ယောဂီစောင့်ရှောက်ရေးအဖွဲ့

# စည်းမျဉ်းဥပဒေနှင့်နည်းဥပဒေများ

မဟာစည်သာသနာ့ရိပ်သာ

ရန်ကုန်မြို့

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး၏

# ဩဝါဒတော်

နှင့်

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့

## စည်းမျဉ်းဥပဒေနှင့် နည်းဥပဒေများ

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၂၁၃)

ပဌမအကြိမ်

၂၅၀၂၆

—

အုပ်ရေ-၂၀၀၀

—

၁၉၇၉-ခု

—

ဇူလိုင်လ

—

အဖုံး-ချင်းတွင်း

—

စာအုပ်ချုပ်-အေးမိသားစု

—

မမှဒါန

ဒေါ်ကြည်ကြည်သန်း (ကင်းလွတ်ခွင့် အမှတ်—၇၉)၊ ၁၆၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆—မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ့ဘီ၊ ဝေဇယန္တာလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်က ပုံနှိပ်သည်။

၁၃၄၀-ခု၊ ကဆုန်လဆန်း (၂)ရက်၊ တနင်းလာနေ့တွင်
ဟောကြားမိန့်မြွက်တော်မူသော
ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
၏

# ဩဝါဒတော်

၁၃၄၀-ခု၊ ကဆုန်လဆန်း (၂)ရက်၊ တနင်းလာနေ့ (၈-၅-၇၈) ညနေ (၃)နာရီအချိန်ခန့်တွင် ဤသာသနာ့ရိပ်သာရှိ စံကျောင်း၌ နာယက ဆရာတော် ဦးဇဝန၊ အမျိုးသမီးယောဂီများနှင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်း၊ အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမင်းဆွေ၊ ဦးဘကလေး၊ ဆရာမြိုင်တို့အား အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး က အောက်ပါ ဩဝါဒတော် (အကျဉ်းချုပ်)ကို မိန့်ကြားတော်မူပါသည်။

၁။ ဦးစွာပထမ အမျိုးသမီးယောဂီများ စောင့်ရှောက်ရေးအတွက် ဖြစ်မြောက်ရေး ကော်မီတီဖွဲ့စည်းပြီးသည့်နောက် အလုပ်အမှုဆောင် ဆက်လက် ဖွဲ့စည်းသွားကြရန်ဖြစ်ကြောင်း။

၂။ ဤသို့ဖွဲ့စည်းခြင်းအားဖြင့် ဗုဒ္ဓသာသနာတော် ရှည်စွာ တည်တံ့ခြင်း၊ ထွန်းကားခြင်း၊ ကြီးပွားခြင်းနှင့် စည်ပင်ခြင်းများကို ဖြစ်စေနိုင်သည်။

၃၊ ဤကဲ့သို့ဆောင်ရွက်ရာတွင်အဖွဲ့ဝင်များသည် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ထက်ထက်သန်သန်နှင့် မဆုတ်မနစ်သောလုံ့လဖြင့် ရွက်ဆောင်မြဲ ရွက်ဆောင်သွား

ကြမည်ဟုလည်း နှလုံးသွင်း အမိဋ္ဌာန်ပြု၍ ကောင်းစွာ ဆောင်ရွက်သွားရန် လိုအပ်သည်။

၄။ အဖွဲ့ဝင်များ အနေနှင့် သာသနာ့ အကျိုး အတွက် ဆောင်ရွက် ကြရာတွင် အဂတိ ၄- ပါးကို ရှောင် ကြရန်။

၅။ မိမိတို့တာဝန်ကျရာကို ပြေပြေပြစ်ပြစ် ဆောင်ရွက်ကြ ရန်၊ အများနှင့် ဆက်ဆံသည့်အခါ ချိုချိုသာသာ ပြောကြားရန်လိုအပ်ကြောင်း။

၆။ ယောဂီသစ်များ၏ ချို့ယွင်းချက်များနှင့် မသိသော ကိစ္စများကို သိနားလည်အောင် ပြောဆိုညွှန်ကြားပေး ရန်၊ စည်းကမ်းပျက်ကွက်သူ ယောဂီများထဲတွင် သိ လျက်နှင့် စည်းကမ်းဖောက်ဖျက်သူ၊ မသိနားမလည်၍ စည်းကမ်းကျူးလွန်သူ ဟူ၍ရှိကြောင်း၊ ထိုသူများကို ချိုချိုသာသာ ပြောကြားခြင်း၊ ပြုပြင်ပေးရန်လိုအပ် သည်။

၇။ မိမိနှင့် ပြီးစီးနိုင်သည့်ကိစ္စများကို အေးအေးသက်သာ ပြီးစီးစေရန်၊ အကယ်၍ မိမိနှင့်မပြီးသော ကိစ္စများကို ကမ္မဋ္ဌာနာစရိယ ဆရာတော်များအား လျှောက်ထား တင်ပြရန်။

၈။ မိမိတို့ အလုပ်တာဝန်လုပ်ဆောင်ရာတွင် မေတ္တာဝစီကံ၊ မေတ္တာကာယကံ၊ မေတ္တာမနောကံ စသည့် ဗြဟ္မစိုရ် တရားတို့ကို လက်ကိုင်ကျင့်သုံးဆောင်ရွက်ကြရန်။

၉။ နောင်ဖွဲ့စည်းပြီး လက်တွေ့ ဆောင်ရွက်ရာ၌ လိုအပ် သော ကိစ္စရပ်များ ပေါ်ပေါက်လာပါက ကိစ္စကြီး ငယ် အလိုက် သင့်သလို ဩဝါဒ ပေးသွားမည် ဖြစ် ကြောင်း။

# INSTRUTIONS GIVEN BY THE
## Venerable Mahāsi Sayadaw
## on the 8-5-78.

The Venerable Mahāsi Sayadaw had given instructions in'regard to the formation of a Women Devotee Welfare Association in the hall of Mahāsi Vihāra on the 8. 5.78. Monday the 2 nd Waxing day of Kason 1340 B. E at 3 p. m. to Nāyaka Sayadaw U Zawana, U Pwint Gaung, the President of the Buddha Sasana Nugghaha Organisation, E. C. members U Min Swe, U Ba Galay, Saya Myaing, and Women Yogis as follows:–

1. First and foremost a preliminary Committee should be formed to initiate the formation of Women Devotee Welfare Association and then to elect the Executive Members there for.

2. The formation of this Association would promote the lengthy existence, expansion, development and flourishing of the Religion of Lord Buddha.

3. The members of this Association should be determined to participate harmoniously, with utmost eagerness and unstinted effort in carrying out their duties.

4. The members of this Association while conducting their work for the Welfare of Lord Buddha's Religion must avoid the Four Partialities.

5. The members of this Association, in relation to their performance of duties and in dealing with the devotees must speak amicably and discreetly.

6. The members of this Association must explain everything to the new Devotees who do not know yet the rules and regulations of this Mahāsi Meditation Centre. Among those who break the rules, there may be some who do it knowingly and wilfully while some unintentionally through ignorance. It is necessary that they all should be communicated or educated, where necessary by sweet words of advice.

7. The matters which can be dealt with by the members of this Association should be settled effectively and amicably and those which cannot be decided should be presented to the Kammathāna Chariya Sayadaws for final instructions.

8. While conducting their duties, the members of this Association must always practice the Rule of loving-kindness (mettā) in regard to their manner of speech, bodily action and their mental state.

9. In matters which may arise after the formation of the Association, further instructions will be given as may be deemed fit.

မဟာစည်သာသနာ့ရိပ်သာ

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့

ရန်ကုန်မြို့

# ဖွဲ့စည်းပုံအခြေခံဥပဒေများ

၁။ အဖွဲ့ကို စတင်တည်ထောင်သည့်နေ့မှာ၊ ၁၃၄၀ ခု၊ ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။

၂။ အဖွဲ့၏တည်နေရာမှာ၊ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဟာမစ်တစ်လမ်း၊ အမှတ် (၁၆) ဖြစ်ပါသည်။

**၃။ အဖွဲ့၏ ရည်ရွယ်ချက်များ**

(၁) မဟာစည် သာသနာ့ရိပ်သာတွင် တရားအားထုတ်ဆဲ၊ သို့မဟုတ်- တရား အားထုတ် ဘူးသော အမျိုးသမီး ယောဂီများအား ထိရောက်အောင်မြင်စွာ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်နှင့်အညီ တရားအားထုတ်ကျင့်သုံးနိုင်ရေးအတွက် မှန်ကန်သော လမ်းညွှန်မှုများ ပေးရန်၊ လိုအပ်သော စောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများ ပေးရန်။

(၂) မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း ပဋိပတ္တိ သာသနာတော်ကြီး တိုးတက်ပြန့်ပွား စည်ပင်ခိုင်မာရေးအတွက် အမျိုးသမီးယောဂီဘက်မှ တာဝန်ယူဆောင်ရွက်ရန်။

၄။ အဖွဲ့ဝင် ဖြစ်ရန်အတွက် အောက်ပါ အရည်အချင်း တခုခုနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(က) မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနာနိဿယအတိုင်း ဝိပဿနာတရား အားထုတ်၍ ဉာဏ်စဉ် နာပြီးသော အမျိုးသမီးယောဂီ ဖြစ်ရမည်။
(သို့မဟုတ်)

(ခ) ဤရိပ်သာအတွင်း ကျောင်း ကန် ဇရပ် လမ်းစသည် တို့နှင့် ယောဂီထောက်ပံ့ရေး အရပ်ရပ်အတွက် လှူဒါန်းသူ အမျိုးသမီး စေတနာရှင်ဖြစ်ရမည်။

၅။ အမှုဆောင်အဖွဲ့ဝင်၏ အရည်အချင်းများ

(၁) ဉာဏ်စဉ်နာပြီးသော အမျိုးသမီးယောဂီဖြစ်ရမည်။
(၂) အနည်းဆုံး အသက်(၃၀)ထက် မငယ်စေရ။
(၃) ချင်းချက်။ ။လိုအပ်သော ပညာသည် ဖြစ်သည်ဟု အဖွဲ့မှ သတ်မှတ်ခြင်း ခံရသူဖြစ်လျှင် တနှစ်အတွင်း တရားအားထုတ်ရန် ဝန်ခံကတိပြုထားသူဖြစ်ခြင်း။

၆။ အမှုဆောင်အဖွဲ့၏ သက်တမ်းမှာ ရွေးချယ်တင်မြှောက် ခြင်း ခံရသည့် အချိန်မှစ၍ သုံးနှစ်သက်တမ်းဖြစ်သည်။

၇။ အမှုဆောင်အဖွဲ့

(က) အမှုဆောင်အဖွဲ့ဝင် အရေအတွက်မှာ (၂၇)ဦး ဖြစ် ရမည်။
(ခ) ထို(၂၇)ဦး အနက်မှ အလုပ်အမှုဆောင်ကို ရွေးချယ် ရမည်။
(ဂ) အလုပ်အမှုဆောင်အဖွဲ့ဝင်ပေါင်း(၇)ဦး ဖြစ်စေရမည်။

ထို (၇) ဦးမှာ—

| | |
|---|---|
| ဥက္ကဋ္ဌ | ၁—ဦး |
| ဒု· ဥက္ကဋ္ဌ | ၂—ဦး |
| အတွင်းရေးမှူး | ၁—ဦး |
| တွဲဘက်အတွင်းရေးမှူး | ၁—ဦး |
| ဘဏ္ဍာရေးမှူး | ၁—ဦး |
| စာရင်းစစ် | ၁—ဦး |

(ဃ) အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ရွေးချယ်ရာတွင် လျှို့ဝှက်မဲစံနစ်ဖြင့် အမှုဆောင် အဖွဲ့က ရွေးချယ်ရမည်၊

(င) အလုပ်အမှုဆောင် အဖွဲ့ဝင်များကို တနှစ်တကြိမ် ရွေးချယ်တင်မြှောက်ခြင်း ပြုရမည်။

(စ) အမှုဆောင်အဖွဲ့ဝင် (၂၇) ဦး အနက် သုံးပုံတပုံ ဖြစ်သော (၉)ဦးတို့က အလှည့်ကျ နှစ်စဉ် ထွက်ပေးရမည်။ သို့ရာတွင် နုတ်ထွက်သည့် အဖွဲ့ဝင်များသည် အမှုဆောင်အဖြစ် ပြန်လည် လျှောက်ထား အရွေးခံနိုင်ခွင့်ရှိသည်။

၈။ အမှုဆောင်အဖွဲ့ဝင် တနေရာရာသစ်လပ်သည့်အခါ အမှုဆောင်အဖွဲ့မှ သင့်လျော်မည့်သူကို ကျန်အဖွဲ့၏ သက်တမ်းအတွက် ရွေးချယ် တင်မြှောက် နိုင်သည်။ ထိုသို့ တင်မြှောက်၍ အစားထိုးခန့်ထားခြင်း ပြုပါလျှင် လာမည့်အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကြီးသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

၉။ **အမှုဆောင်အဖွဲ့အစည်းအဝေး**

(က) အမှုဆောင်အဖွဲ့ အစည်းအဝေးများကို အနည်းဆုံး (၁၅)ရက် တကြိမ် ကျင်းပရမည်။

(ခ) အမှုဆောင်အဖွဲ့ အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များကို မှတ်တမ်းတင် ထားရှိရမည်။

(ဂ) အမှုဆောင်အဖွဲ့သည် အကြောင်းကိစ္စ ပေါ်လာသည့် အခါတိုင်း အရေးပေါ် အစည်းအဝေးကို မည်သည့်နေ့ရက်မဆို ခေါ်ယူနိုင်ခွင့်ရှိသည်။

၁၀။ **နှစ်ပတ်လည်အစည်းအဝေး**

(က) အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို သတ်မှတ်သောနေ့ရက်တွင် တနှစ်တကြိမ် ခေါ်ယူကျင်းပရမည်။

(ခ) နှစ်ပတ်လည် အစည်းအဝေးကြီးတွင် အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရမည်။

၁၁။(က) အမှုဆောင် အဖွဲ့သည် အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့က ဥပဒေစည်းမျဉ်းများအရ ပေးအပ်ထားရှိသော တာဝန်ဝတ္တရားနှင့် လုပ်ငန်းရပ်များကို ဆောင်ရွက် နိုင်ရန် အခါအားလျော်စွာ စည်းမျဉ်းများ၊ နည်းစနစ်များနှင့် လမ်းညွှန်များကို ပြုလုပ်ချမှတ်ပေးနိုင်သည်။

(ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် မဆန့်ကျင်စေပဲ လိုအပ်သော ဥပဒေစည်းမျဉ်းများကို အမှုဆောင်အဖွဲ့က ပြုလုပ်နိုင်သည်။ ယင်းသို့ ပြုလုပ်သည့် ဥပဒေစည်းမျဉ်းများကို အဖွဲ့နှစ်ပတ်လည် အစည်းအဝေး၏ အတည်ပြုချက်ကို ရယူရမည်။

၁၂။ အမှုဆောင်အဖွဲ့သည် အဖွဲ့၏ရည်ရွယ်ချက်များနှင့် လုပ်ငန်း ဆောင်တာများကို ထိရောက်စွာ ဖြစ်မြောက်နိုင်စေရန် လိုအပ်သော ဆပ်ကော်မီတီများကို အဖွဲ့ဝင်ထဲမှ သင့်တော်မည့်သူများအား ရွေးချယ်ခန့်ထား၍ ဖွဲ့စည်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၃။ အမှုဆောင်အဖွဲ့သည် ယင်းသို့ ဖွဲ့စည်းမည့် ဆပ်ကော်မီတီဦးရေကို သတ်မှတ်နိုင်သည့်အပြင် ခန့်အပ်ပြီး ဆပ်ကော်မီတီအား မလိုအပ်သည့်အခါ ဖျက်သိမ်းနိုင်ခွင့်ရှိသည်။

၁၄။ အမှုဆောင်အဖွဲ့သည် လိုအပ်သည့်အခါတိုင်းသက်ဆိုင်ရာ နာယက ဆရာတော် များအား လုပ်ငန်းဆိုင်ရာ ကိစ္စအတွက် တင်ပြ လျှောက်ထား၍ ဩဝါဒတော်ကို ခံယူရမည်။

၁၅။(က) အမှုဆောင်အဖွဲ့သည် ယောဂီများ ထောက်ပံ့ရေးအတွက်ဖြစ်စေ၊ မဟာစည် ပဋိပတ္တိသာသနာတော် တိုးတက်မြင့်မား ခိုင်မာလာစေရန် ဖြစ်စေ၊ အလှူတော်ငွေများကို စံနစ်တကျ ကောက်ခံ နိုင်ခွင့်ရှိသည်။

( ခ ) ထိုသို့ ကောက်ခံရရှိသည့် ငွေများကို စံနစ်တကျ စာရင်းအင်းထားရှိ၍ လိုအပ်လျှင် ဘဏ်သို့အပ်နှံထားရှိရမည်။

၂

၁၆။(က) အမှုဆောင် အဖွဲ့သည် အဖွဲ့ဝင်များ၏ အလှူငွေ ဝင်ကြေးနှင့် လစဉ်ကြေးများကိုလည်း သင့်တော်သလို သတ်မှတ်နိုင်ခွင့်ရှိသည်။

(ခ) ကောက်ခံရရှိသော အလှူ့တော်ငွေများကို အဖွဲ့၏ လိုအပ်ချရာ ကိစ္စအတွက် ထောက်ပံ့ သုံးစွဲနိုင်ခွင့် ရှိသည်။

၁၇။ နှစ်ပတ်လည်အဖွဲ့ အစည်းအဝေးသို့ အဖွဲ့ဝင်ပေါင်း (၂၅) ရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေး ဖြစ်မြောက်သည်ဟု ယူမှတ်ရမည်။

၁၈။ အဖွဲ့၏ အခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ခြင်း

(က) အဖွဲ့၏ အခြေခံဥပဒေများကို ပြင်ဆင်ဖြည့်စွက်လိုလျှင်၊ အမှုဆောင် အဖွဲ့မှ ရေးဆွဲ တင်ပြပြီးလျှင် အစည်းအဝေးတရပ်ကို ခေါ်ယူ၍ တင်ပြပြီး အတည်ပြုချက်ကို ရယူရမည်။ သို့တည်းမဟုတ် အဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေး၌ တင်ပြ အတည်ပြုဆုံးဖြတ်ချက်ကို ရယူရမည်။

(ခ) အဖွဲ့၏ အထူးအစည်းအဝေးသို့ အဖွဲ့ဝင်များဦးရေ (၁၀) ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး ဖြစ်မြောက်သည်ဟု မှတ်ယူရမည်။

(ဂ) အထူးအစည်းအဝေး မကျင်းပမီ အနည်းဆုံး(၁၄) ရက် ကြိုတင်၍ ပြင်ဆင်ဖြည့်စွက်လိုသည့် ဥပဒေကြမ်းကို အဖွဲ့ဝင်များထံသို့ ပေးပို့ရမည့်အပြင် ကြိုတင်၍ ဘိတ်ကြားရမည်။

၁၉။ အမှုဆောင်အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း

(၁) မဟာစည်သာသနာ့ရိပ်သာ၏ အကျိုးကို ထိခိုက်နစ်နာစေလျှင်သော်၎င်း အဖွဲ့၏ ဂုဏ်သိက္ခာနှင့် အကျိုးကို နစ်နာထိခိုက်စေလျှင်သော်၎င်း၊

(သို့တည်းမဟုတ်)

(၂) စိတ်ဖောက်ပြန်သော ဝေဒနာ သို့မဟုတ်၊ ထာဝစဉ် ကူးစက်တတ်သော ရောဂါ စွဲကပ်လျှင်သော်၎င်း၊

(သို့တည်းမဟုတ်)

(၃) ကိုယ်ကျင့်တရား ပျက်ပြားလျှင်သော်၎င်း၊

(သို့တည်းမဟုတ်)

(၄) အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ ခွင့်ပန်ကြားခြင်း မရှိဘဲ၊ သုံးကြိမ်ထက်မနည်း ပျက်ကွက်လျှင်သော်၎င်း၊

အမှုဆောင် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည်။

၂၀။ အမျိုးသမီး ယောဂီ စောင့်ရှောက်ရေး အဖွဲ့၏ အမှုဆောင်အဖွဲ့သည် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ရှိစေရမည်။

၂၁။ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ် ဆုံးဖြတ် သတ်မှတ် ပေးသည့်အတိုင်း ထိုအဖွဲ့ချုပ်၏ အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ အဖွဲ့ဝင်ကိုယ်စားလှယ်များက တက်ရောက်ခွင့်ပြုသည်။

၂၂။ **နာယကတင်မြှောက်ခြင်း**

(က) ၅-ဦးထက်မများသော အရည်အချင်းနှင့်ပြည့်စုံသည့် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ဝင်များအား အမှုဆောင်အဖွဲ့က နာယကလူကြီးများ အဖြစ် ရွေးချယ် တင်မြှောက်နိုင်သည်။

(ခ) ယင်းသို့တင်မြှောက်ခြင်းခံယူရရှိသောနာယက၏ သက်တမ်းသည် အလုပ်အမှုဆောင် အဖွဲ့၏ သက်တမ်းနှင့်အညီ တနှစ်သာ ဖြစ်ရမည်။

၂၃။ **ဂုဏ်ထူးဆောင်အမှုဆောင်အဖွဲ့ဝင်**

(က) အမှုဆောင်အဖွဲ့မှ သာမန်အမှုဆောင် အဖြစ် အနည်းဆုံး တနှစ် တာဝန်ထမ်းဆောင်ခဲ့ဘူးပြီးလျှင် အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့အား သာသနာ့ဝေယျာဝစ္စများတွင် မိမိစွမ်းအားရှိသရွေ့ အသူး ထောက်ပံ့ကူညီခဲ့သူဖြစ်ပါက ဂုဏ်ထူးဆောင် အမှုဆောင်အဖွဲ့ဝင် အဖြစ် ချီးမြှောက်နိုင်ခွင့်ရှိသည်။

(ခ) ယင်းသို့ချီးမြှောက်ခြင်းခံရသော ဂုဏ်ထူးဆောင် အမှုဆောင်အဖွဲ့ဝင်၏ သက်တမ်းမှာ အလုပ်အမှုဆောင်သက်တမ်းနှင့်အညီ တနှစ်သာ ဖြစ်ရမည်။

မဟာစည်သာသနာ့ရိပ်သာ

အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့

လုပ်ထုံးလုပ်နည်း

# စည်းမျဉ်းဥပဒေများ

လုပ်ပိုင်ခွင့်အဆင့်ဆင့် တည်ရှိပုံအနေအထား

၁။ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့သည် မဟာစည် သာသနာ့ရိပ်သာအတွင်း အမျိုးသမီးယောဂီများအတွက် ပဋိပတ္တိ သာသနာပြု လုပ်ငန်းနှင့်ပတ်သက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးနှင့် ကမ္မဋ္ဌာန စရိယနာယက ဆရာတော်အား ဦးထိပ်ထား၍ ဩဝါဒခံယူပြီး ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အကျိုးရှိစွာ ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၂။ ယင်းသို့ သက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် "မူ" အကြုံးဝင်သော ကိစ္စရပ်များအတွက် အမှုဆောင်အဖွဲ့ကသာ ချမှတ်ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ သို့ရာတွင် လိုအပ်သောကိစ္စရပ်များ၌ အမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်ဖြင့် ဆိုင်ရာ ကမ္မဋ္ဌာနစရိယ နာယကဆရာတော်ထံ တင်ပြ၍ ဩဝါဒခံယူပြီးမှ ဆောင်ရွက်ရမည်။

၃။ အမှုဆောင် အဖွဲ့သည် အဖွဲ့အစည်း အနေဖြင့်သာ စုပေါင်းတာဝန်ယူ ဆောင်ရွက်ခြင်း ပြုရမည်။ မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ခြင်း ပြုရာ၌ အဖွဲ့ဝင်တိုင်းသည် အဖွဲ့၏ ကိုယ်စား တာဝန်ယူ ဆောင်ရွက်သည်ဟု ခံယူချက်ထားရှိရမည်။ သို့ဖြစ်၍ အဖွဲ့ဝင် တဦးတယောက်အနေဖြင့် ဆရာတော် ဘုရားကြီးအား ဖြစ်စေ၊ နာယက ဆရာတော် တပါးပါးအား ဖြစ်စေ၊ လုပ်ငန်းတခုခု သို့မဟုတ်အဖွဲ့၏ လုပ်ဆောင်ချက် တခုခုနှင့် ပတ်သက်၍ဖြစ်စေ၊ တသီးပုဂ္ဂလတင်ပြ လျှောက်ထားခြင်းမပြုရ၊ ဆရာတော်ဘုရားကြီးအား ဖြစ်စေ၊ နာယက ဆရာတော် တပါးပါးအား ဖြစ်စေ၊ အဖွဲ့လုပ်ငန်းကိစ္စအတွက် လျှောက်ထား တင်ပြရန်လိုသည့် ကိစ္စတွင် အလုပ်အမှုဆောင် သို့မဟုတ် အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ခြင်း ပြုရမည်။

၄။ အမှုဆောင်အဖွဲ့၏ အလုပ်အမှုဆောင် အဖွဲ့သည်ပင်၊ အဖွဲ့ငယ်၏ အလုပ်အမှုဆောင်အဖွဲ့သည်ပင်၊ ရုတ်တရက် အရေးပေါ်ကိစ္စ ဆောင်ရွက်ရန်ရှိပါက အလုပ်အမှုဆောင်ဝင် အများစု၏ သဘောတူညီမှုဖြင့်သာ ဆုံးဖြတ် ဆောင်ရွက်ရမည်။ အမှုဆောင်အများစု မရှိပါက ဥက္ကဋ္ဌသို့မဟုတ်-ဒု-ဥက္ကဋ္ဌ တဦးဦးနှင့်အတွင်းရေးမှူးတို့က တာဝန်ယူ ဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်း ပြုရသည့်အခါ အမှုဆောင်အဖွဲ့ကြီး၏ အနီးကပ်ဆုံး အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ကို ရယူရပါမည်။

၅။ အမှုဆောင်အဖွဲ့က ဖြစ်စေ၊ လုပ်ငန်းအဖွဲ့ငယ် တခုခုက ဖြစ်စေ၊ လုပ်ကိုင်ခွင့်အတွင်း ကိစ္စရပ်တခုခုကို ဆောင်ရွက်မည်ဖြစ်လျှင် ဥက္ကဋ္ဌ၏ ကြိုတင် သဘောတူညီမှုဖြင့်သာ လုပ်ဆောင်ရမည်။ ဥက္ကဋ္ဌကအကြောင်း မညီညွတ်၍ အလုပ်ခွင်သို့ မလာရောက်နိုင်သဖြင့် အဆုံးအဖြတ် မပေးနိုင်လျှင် ဒု-ဥက္ကဋ္ဌ တဦးဦးက ဆောင်ရွက်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ဥက္ကဋ္ဌသော်၎င်း၊ ဒု-ဥက္ကဋ္ဌ တဦးဦးသော်၎င်း အကြောင်းမညီညွတ်၍ မလာရောက်နိုင်ပါက အတွင်းရေးမှူးက ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ အဆုံးအဖြတ်ပေး၍ ဆောင်ရွက်ခြင်း ပြုသည့် သာမန်လုပ်ရိုးလုပ်စဉ် မဟုတ်သော ကိစ္စရပ်များတွင် ဦးစွာပထမ သက်ဆိုင်ရာ အလုပ်အမှုဆောင် အဖွဲ့အား သတိပေးရမည့်အပြင်၊ အနီးကပ်ဆုံး အမှုဆောင်အဖွဲ့ အစည်းအဝေးသို့လည်း တင်ပြ အစီရင်ခံရမည်။

၆။ နာယကဆရာတော် တပါးတပါးက အဖွဲ့ဝင် တဦးဦးအား အဖွဲ့၏ လုပ်ငန်းကိစ္စတခုခုအတွက် ဆောင်ရွက်ပေးရန် အမိန့်ရှိပါက လုပ်ရိုးလုပ်စဉ် ဆောင်ရွက်ခွင့်ရှိသော သာမန်အလုပ်ကိစ္စမှလွဲ၍ အခြားအရေးကြီး ကိစ္စရပ်များအတွက် အလုပ်အမှုဆောင်အဖွဲ့ထံ ဖြစ်စေ၊ အမှုဆောင်အဖွဲ့ကြီးထံ ဖြစ်စေ သက်ဆိုင်ရာ အဖွဲ့ဝင်က မဆိုင်းမတွ တင်ပြရမည်။

၇။ အထက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း မလိုက်နာဘဲ သွေဖီ၍ ဆောင်ရွက်သော မည်သည့်အမှုဆောင် အဖွဲ့ဝင်ကိုမဆို အဖွဲ့၏ စည်းကမ်းဥပဒေကို ချိုးဖောက်

သည်ဟု မှတ်ယူရမည့်အပြင် အဖွဲ့မှသက်ဆိုင်သူအပေါ် အရေးယူ ပိုင်ခွင့်ရှိသည်။

**အဆောင်မှူးများ၏ တာဝန်ဝတ္တရားများ**

(က) ယောဂီများအား မဟာစည်ရိပ်သာအတွင်း သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ နေထိုင်အားထုတ် ကျင့်ကြံစေရန် စောင့်ရှောက်ကူညီနိုင်သူ ဖြစ်ရမည်။

(ခ) အဆောင်အတွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကိစ္စများကို စီမံဆောင်ရွက်ရမည်။

(ဂ) ယောဂီများအား တရားအားထုတ်ရာ၌ ပြေပြစ်စွာ တရားတိုးတက် အကျိုးဖြစ်ထွန်းစေရန် ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသည့် ဩဝါဒတော်များနှင့်အညီ ကူညီလမ်းညွှန်ရမည်။

(ဃ) ယောဂီများ၏ စားရေး သောက်ရေးနှင့် ပတ်သက်၍ စနစ်တကျ ရှိစေရန်နှင့် ကျန်းမာရေးရှုထောင့်မှ ကြည့်ရှု၍ လမ်းညွှန်ပြသကူညီရမည်။

(င) ယောဂီများအား ကူညီစောင့်ရှောက် လမ်းညွှန်ရာ၌ ချိုသာစွာ ဆက်ဆံခြင်း ကိုယ်နှင့်ထပ်တူ အကျိုးကို လိုလားစွာ ဆောင်ရွက်၍ ဆန္ဒာ ဒေါသ ဘယာ မောဟ ကင်းစွာ သည်းခံခြင်းဖြင့် ရိုးသားစွာဆောင်ရွက်ရမည်။

( ၈ ) ဆရာတော်ဘုရားများ၏ ဩဝါဒကို လိုက်နာလျက် မိမိ၏ အဆောင်တွင်းရှိ ယောဂီ များ၏ တရား တိုးတက်မှု အပြည့်အဝ ရရှိစေရန်မှာ အဆောင်မှူးတို့၏ တာဝန်ဝတ္တရားသာလျှင် ဖြစ်ကြောင်း ခံယူထားချက်ရှိရမည်။

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။